# ၄-ပစ္စည်း ၄-ပါး ဆင်ခြင်ပုံ သင်ပြခန်း

ရှင်သာမဏေများနှင့် ရဟန်းတော်များ၏ အခရေးတကြီး လိုလားအပ်သော (မရှိလျှင်မဖြစ်သော) ပစ္စည်းများသည် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး အားဖြင့် ၄-ပါး ရှိ၏၊ ထို ပစ္စည်းလေးပါးသည် မိမိကိုယ်တိုင် လုပ်ကိုင်ရှာဖွေ၍ ရသော ပစ္စည်းများမဟုတ်ကြ၊ လူဝတ်ကြောင်များက ("ငါတို့ထက် ကောင်းမွန်စွာ နေထိုင်ကြသည်"ဟု ယုံကြည်၍) ပေးလှူ အပ်သော ပစ္စည်းများ ဖြစ်ကြသည်၊ ထို့ကြောင့် ထိုပစ္စည်း များကို သုံးစွဲသောအခါ အမှတ်တမဲ့ သုံးစွဲလျှင်ရင်း အဆင်း လှပအောင် သုံးစွဲလျှင်ရင်း သုံးစွဲသော ရဟန်းသာမဏေတို့မှာ အပြစ်မကင်းတော့ချေ။

"ဉာဏပရိဘောဂ=ကြွေးယူ၍ သုံးစွဲခြင်း"ဟု ကျမ်းဂန် တို့၌ ဆို၏၊ ကြွေးတင်လျှင် ကြွေးဆပ်ရ၏၊ မဆပ်နိုင်လျှင် ထောင်ချခံရသကဲ့သို့ နောက်သံသရာရေးအတွက် တာဝန် ကာက်လျက် ရှိလေသည်၊ ထို့ကြောင့် ပစ္စည်း ၄-ပါးနှင့်စပ်၍ ဆင်ခြင်သုံးစွဲဘို့ရာ ဗုဒ္ဓမြတ်စွာသည် "ပစ္စဝေက္ခဏာ"ဟု ခေါ်သော ၄-ပုဒ်ကို ဟောပြတော်မူ၏၊ ထို ၄-ပုဒ်ကို ရှေးရှေး သာမဏေတို့သည် ပုတီးစိပ်ရင်း ဆင်ခြင်ကြသောကြောင့် ပုတီးစိပ် ၄-ပုဒ်ဟုလည်း ခေါ်ကြသည်၊ ထို ၄-ပုဒ်အတွက် ဤနေရာ၌ ဆရာတော်ကြီးများ၏ လက်ာကို အမိပ္ပါယ်နှင့် တကွ ပြ၍ နောက်ဆက်တွဲကျမှ ပါဠိအနက်ကို ပြပါမည်။